Embassy of the Republic of the Union of Myanmar, Tokyo

# Embassy's Newsletter Volume – 17 ( 28th April 2023 )

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H. E. Mr. Wang Ning အား လက်ခံတွေ့ဆုံ

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းအား လက်ခံတွေ့ဆုံ

၄။ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

၅။ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်နှင့် တွေ့ဆုံ

၆။ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်ခမ် ချောင်ဒရီ အား လက်ခံတွေ့ဆုံ

၇။ ၂၀၂၂ -၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃.၉ ဘီလီယံကျော် တိုးမြင့်နေသည့် သတင်းတင်ပြခြင်း

၈။ ၂၀၂၂ - ၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၈)ဘီလီယံသို့ ရောက်ရှိနေသည့် သတင်းတင်ပြခြင်း

၉။ ၂၀၂၂- ၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်း ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ (၂၅)ဘီလီယံသို့ ရောက်ရှိနေသည့် သတင်းတင်ပြခြင်း

MYANMAR EMBASSY TOKYO

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H. E. Mr. Wang Ning အား လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H. E. Mr. Wang Ning အား ၃-၄-၂၀၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား နှစ်ဖက်ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံနှင့် ယူနန်ပြည်အကြား တိုက်ရိုက်လေကြောင်း ပြေးဆွဲရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၂၁-၄-၂၀၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင် လူကုန်ကူးမှုများ၊ မူးယစ်ကုန်သွယ်မှုများနှင့် လက်နက်ကုန်သွယ်မှုများ ပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းအား လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းအား ၂၄-၄-၂၀၂၃ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံရာတွင် နှစ်ဖက်စလုံးမှ မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်မှု အခြေအနေများနှင့် ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ်၍ အပြုသဘောဆောင်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးမစ္စတာ ဂျေအမ်ပရီယန်သာ ဘန်ဒါရာကို ၃၁-၃-၂၀၂၃ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ ကုလသမဂ္ဂနှင့် ဘင်းမ်စတက်အဖွဲ့အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်နှင့် တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Won Bae Dahn အား ၄-၄-၂၀၂၃ ရက်နေ့ ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံခဲ့ပါသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့ပြီး မြန်မာ - ကိုရီးယား နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်ခမ် ချောင်ဒရီ အား လက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်ခမ် ချောင်ဒရီ အား ၁၉-၄-၂၀၂၃ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး မြှင့်တင်ရေး၊ နှစ်နိုင်ငံ အကျိုးတူကဏ္ဍများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

# ၂၀၂၂ -၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၃၃.၉ ဘီလီယံကျော် တိုးမြှင့်နေသည့် သတင်းတင်ပြခြင်း




၂၀၂၂-၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၃၃.၉) ဘီလီယံကျော်အထိ သိသာစွာ တိုးမြှင့်လာခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ (၃.၅၇) ဘီလီယံကျော် တိုးမြင့်လာခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းအရ သိရှိပါသည်။

၂၀၂၂-၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၆.၅၇၅) ဘီလီယံကျော်ရှိခဲ့ပြီး ပြည်တွင်းသို့ တင်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၇.၃၄၉) ဘီလီယံရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၊ ဓာတ်သတ္တု၊ သစ်တောထွက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများကို ပြည်ပသို့တင်ပို့ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍသည် လယ်ယာစိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှု ကဏ္ဍများတွင် များစွာတည်မှီနေကြောင်း ဖော်ပြထားပါသည်။

MYANMAR EMBASSY TOKYO

# ၂၀၂၂ - ၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၈)ဘီလီယံသို့ ရောက်ရှိနေသည့် သတင်းတင်ပြခြင်း



၂၀၂၂-၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၈.၅၇) ဘီလီယံသို့ ရောက်ရှိခဲ့ပါသည်။ နယ်စပ်မှ ပို့ကုန်ပမာဏတန်ဖိုးသည် အမေရိကန်ဒေါ်လာ (၆.၀၈၆) ဘီလီယံ ရှိပြီး သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ (၂.၄၈၄) ဘီလီယံရှိကြောင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ မှတ်တမ်းများအရ သိရှိရပါသည်။

၂၀၂၁-၂၀၂၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ကုန်သွယ်မှုပမာဏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ (၇.၇၅) ဘီလီယံခန့် ရှိခဲ့သဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ (၈၁၈.၂၆၈) သန်း တိုးမြှင့်လာခဲ့ပါသည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှု အဆင့်သည် နံပါတ်(၁)အဆင့်တွင် ရှိပါသည်။ ထိုင်းနိုင်ငံသို့ တင်ပို့သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ (၃.၄၇၉) ဘီလီယံရှိပြီး ထိုင်းနိုင်ငံမှ တင်ပို့သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ (၁.၈၇၆) ဘီလီယံ ရှိပါသည်။ တရုတ်နိုင်ငံသည် နယ်စပ်ကုန်သွယ်မှုသည် နံပါတ်(၂)အဆင့်တွင် ရှိပြီး တရုတ်နိုင်ငံသို့ တင်ပို့သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ (၂.၅)ဘီလီယံရှိပြီး တရုတ်နိုင်ငံမှ တင်ပို့သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ (၅၆၁.၉၃၈) သန်းရှိကြောင်း သိရှိရ၉ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ သားငါးထွက်ကုန်များ၊ ဓာတ်သတ္တုများ၊ သစ်တောထွက်ပစ္စည်းများ၊ ကုန်ထုတ်လုပ်မှုပစ္စည်းများနှင့် အခြားထွက်ကုန်ပစ္စည်းများကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့လျက်ရှိပါသည်။

## ၂၀၂၂- ၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်း ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ (၂၅)ဘီလီယံသို့ ရောက်ရှိနေသည့် သတင်းတင်ပြခြင်း



၂၀၂၂-၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတကာကုန်သွယ်မှုမိတ်ဘက်နိုင်ငံများနှင့် မြန်မာနိုင်ငံအကြား ပင်လယ်ရေကြောင်း ကုန်သွယ်မှုပမာဏသည် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၀.၄၈၉) ဘီလီယံနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၄.၈၆၅) ဘီလီယံ အပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ(၂၅.၃၅)ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ မှတ်တမ်း များအရ သိရှိရပါသည်။

၂၀၂၁-၂၀၂၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုပမာဏသည် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၀) ဘီလီယံနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၂.၅) ဘီလီယံ အပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ (၂၂.၅၉၉) ဘီလီယံခန့်သာ ရောက်ရှိခဲ့ပါသည်။ သို့ဖြစ်ရာ ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ (၂.၇၅၅) ဘီလီယံ တိုးမြင့်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုများမှတစ်ဆင့် ပြည်ပရှိ ကုန်သွယ်မှုမိတ်ဘက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန်ပစ္စည်းများ၊ သားငါးထွက်ကုန်ပစ္စည်းများ၊ ဓာတ်သတ္တုများ၊ သစ်တောထွက်ပစ္စည်းများ၊ အခြားထုတ်ကုန်ပစ္စည်းများကို ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသလို ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပစ္စည်းများ၊ စားသုံးကုန်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို တင်သွင်းလျက်ရှိပါသည်။